## နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

**၂၀၂၀ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ (၅ မှတ်)

၁။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် တစ်ထက်များပါက ဝယ်လိုအားမျဉ်းကွေးသည် ပြေလျော့သောမျဉ်းကွေးဖြစ်သည်။

၂။ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် နိုင်ငံတွင်းရှိနိုင်ငံခြားသားများ၏ထုတ်လုပ်မှုမှ ရရှိသောဝင်ငွေများကို ထည့်သွင်းတွက်ချက်သည်။

၃။ အိမ်၊ ကားနှင့် ကျောက်မျက်ရတနာလက်ဝတ်လက်စားများသည် ငွေအဖြစ်လွယ်ဆုံးသော ဥစ္စာဓနပုံသဏ္ဌာန်ဖြစ်သည်။

၄။ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းနှင့် တံတားများဆောက်လုပ်ခြင်းသည် အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်သည်။

၅။ ကိုတာနှင့်အကောက်ခွန်စနစ်သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို ကန့်သတ်သည့်နည်းလမ်းများ ဖြစ်သည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ(က)(ခ)(ဂ)များမှ **အဖြေမှန်**ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ဈေးကွက်စီးပွားရေးစနစ်သည် အခြေခံစီးပွားရေးပြဿနာများကိုဆုံးဖြတ်ရာတွင် (က)ဝယ်လိုအား (ခ) ရောင်းလိုအား (ဂ) ဈေးကွက်ဈေးနှုန်း ပေါ်မူတည်၍ဆုံးဖြတ်သည်။

၂။ ကုန်စည်တစ်ခုကို ရယူသုံးစွဲခြင်းကြောင့် အခြားကုန်စည်တစ်ခု၏အသုံးဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေပါက ယင်းတို့ကို (က) တွဲဖက်ကုန်စည် (ခ) တွဲဖက်ထုတ်ကုန် (ဂ)အစားထိုးကုန်စည်များဟုခေါ်သည်။

၃။ ထုတ်လုပ်မှုမှမဟုတ်ဘဲ အခြားသူများထံမှ ရရှိသောဝင်ငွေများမှာ (က) အင်အားစုအခငွေ (ခ) ငွေကြေးဝင်ငွေ (ဂ) လွှဲပြောင်းပေးငွေ ဖြစ်သည်။

[တစ်ဖက်သို့

၄။ အစိုးရ၏ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ပေးသောဘဏ်မှာ (က)ရင်းနှီးမြှုပ်နှံမှုဘဏ် (ခ) ဗဟိုဘဏ် (ဂ)ကူးသန်းရောင်းဝယ်ရေးဘဏ် ဖြစ်သည်။

၅။ ပို့ကုန်အတွက်ရငွေနှင့် သွင်းကုန်အတွက်ပေးငွေ ခြားနားချက်ကို (က)သာမန်စာရင်းလက်ကျန် (ခ) ကုန်သွယ်မှုလက်ကျန် (ဂ) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ဟုခေါ်သည်။

(ဂ) အောက်ပါကွက်လပ်များတွင် **ဖြည့်စွက်ရမည့်အဖြေများကို** အဖြေစာအုပ်တွင်ရေးပါ။ (၁၀ မှတ်)

၁။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး ပြင်ပသို့ရွှေ့ပြောင်းခြင်းသည် ________ ကို ညွှန်ပြသဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်လာခြင်းကို ပြသသည်။

၂။ ဈေးနှုန်းများသည် ရောင်းသူနှင့်ဝယ်သူတို့အကြား အချက်ပြဆက်သွယ်ပေးသော သဘောရှိပြီး ________ ခွဲဝေအသုံးပြုမှုကို လမ်းညွှန်ပေးလျက်ရှိသည်။

၃။ ဝယ်လိုအားကိုလေ့လာရာတွင်တစ်ဦးချင်းဝယ်လိုအားနှင့် ________ ဟူ၍တွေ့ရမည်ဖြစ်သည်။

၄။ ကုန်စည်တစ်ခု၏ထုတ်လုပ်မှုစရိတ်သည် ________၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှုအခြေအနေတို့ပေါ်တွင် မူတည်သည်။

၅။ စီးပွားရေးလုပ်ငန်းများသည် အိမ်ထောင်စုများထံမှ ကုန်ထုတ်အင်အားစုများကို အသုံးပြုသည့်အတွက် ________ များ ပြန်လည်ပေးကြသည်။

၆။ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်မှ ပြုန်းတီးမှုတန်ဖိုးကို နုတ်လျှင် ________ ကိုရရှိသည်။

၇။ ဘဏ်များ၏အဓိကဝင်ငွေဇာစ်မြစ်သည် ________ ဖြစ်သည်။

၈။ ငွေကြေး၏တန်ဖိုးသည် ငွေကြေး၏ ________ ဖြစ်သည်။

၉။ အစိုးရသည် ________ ကို ဦးစွာ ဆုံးဖြတ်ပြီးမှသာ လိုအပ်သော ရငွေကို ရှာဖွေသည်။

၁၀။ နှစ်တစ်နှစ်အတွင်း နိုင်ငံတစ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား ဘဏ္ဍာရေးအပေးအယူများကို ဖော်ပြသည့် စာရင်းမှာ ________ ဖြစ်သည်။

၂။ အောက်ပါတို့အနက်မှ (၁၀) ခု၏ အဓိပ္ပာယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

၁။ အရင်းအနှီးဈေးကွက်

၂။ ရောပြွမ်းစီးပွားရေးစနစ်

၃။ ရောင်းလိုအားမျဉ်းကွေး

၄။ ဝယ်လိုအားအလျော့အတင်းကင်းခြင်း

၅။ ဈေးကွက်ပေါက်ဈေး

၆။ အမှန်ဝင်ငွေ

၇။ ဈေးဆနှုန်းကိန်း

၈။ ဈေးကစားရန်အတွက်ငွေကြေးဝယ်လိုအား

၉။ အခွန်တော်

၁၀။ ငွေလုံးငွေရင်းရငွေ

၁၁။ သဘာဝသယံဇာတအင်အားစုများ

၁၂။ ကုန်ဖလှယ်မှုအချိုး

၃။ အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။ (၂၀ မှတ်)

(က) တိုက်ရိုက်ခွန်များ
(ခ) ဝယ်လိုအားနှင့် စားသုံးသူ၏ဝင်ငွေ၊ စားသုံးသူ၏ကြိုက်နှစ်သက်မှု
(ဂ) ဈေးကွက်စီးပွားရေးစနစ်နှင့် ရောပြွမ်းစီးပွားရေးစနစ်
(ဃ) နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ

၄။(က) တိုင်းပြည်၏ငွေကြေးပမာဏကိုထိန်းချုပ်ရာတွင် ဗဟိုဘဏ်က အသုံးပြုသည့်နည်းလမ်းများကို ပြည့်စုံစွာရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏ဆိုးကျိုးများကိုဖော်ပြ၍ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

၅။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂)ခုကို ဖြေဆိုပါ။ (၁၀ × ၂)မှတ်

(က) တစ်နှစ်အတွင်း ကြက်သွန်ဖြူ၏ ဝယ်လိုအားနှင့်ရောင်းလိုအားမှာအောက်ပါအတိုင်းဖြစ်သည်။

ကြက်သွန်ဖြူ၏ဝယ်လိုအားနှင့်ရောင်းလိုအားဇယား

| ဈေးနှုန်း (ကျပ်) | အရေအတွက် (ပိဿာထောင်ပေါင်း) | |
|---|---|---|
| | ဝယ်လိုအား | ရောင်းလိုအား |
| ၁၅၀၀ | ၅၀၀ | ၂၀၀ |
| ၂၀၀၀ | ၃၇၀ | ၂၆၀ |
| ၂၅၀၀ | ၃၀၀ | ၃၀၀ |
| ၃၀၀၀ | ၂၅၀ | ၃၆၀ |
| ၃၅၀၀ | ၂၀၀ | ၄၃၀ |

၁။ ကြက်သွန်ဖြူ၏ဝယ်လိုအားနှင့်ရောင်းလိုအားမျဉ်းကွေးများရေးဆွဲပါ။
၂။ အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက် မည်မျှဖြစ်သနည်း။
၃။ ကြက်သွန်ဖြူ၏ဈေးနှုန်းမှာ ၂၀၀၀ ကျပ် ဖြစ်ပါက ဈေးကွက်အခြေအနေ မည်သို့ရှိမည်ကိုရှင်းပြပါ။
၄။ ကြက်သွန်ဖြူ၏ဈေးနှုန်းမှာ ၃၅၀၀ ကျပ် ဖြစ်ပါက ဈေးကွက်အခြေအနေ မည်သို့ရှိမည်ကိုရှင်းပြပါ။

[တစ်ဖက်သို့

(ခ) ဈေးကွက်တစ်ခုတွင် ကုန်စည် X နှင့် Y တို့၏ ဈေးနှုန်းနှင့် ဝယ်ယူသောအရေအတွက်တို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

| ကုန်စည် | ဈေးနှုန်း(ကျပ်) | | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | |
|---|---|---|---|---|
| | ၂၀၁၉ ခုနှစ် | ၂၀၂၀ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ခုနှစ် |
| X | ၁၆၀၀ | ၂၀၀၀ | ၅၀ | ၈၀ |
| Y | ၁၆၀၀ | ၁၆၀၀ | ၄၀ | ၆၀ |

ကုန်စည် X နှင့် Y တို့အတွက် ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းကို တွက်ချက်၍ သုံးသပ်ပြပါ။

(ဂ) အိမ်ထောင်စု(၄)ခု၏ တစ်နှစ်ဝင်ငွေနှင့် ပေးဆောင်ရမည့်ဝင်ငွေခွန်ပမာဏကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

| အိမ်ထောင်စု | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်ပမာဏ (ကျပ်) |
|---|---|---|
| က | ၁၅၀၀၀၀ | ၁၅၀၀ |
| ခ | ၂၀၀၀၀၀ | ၃၀၀၀ |
| ဂ | ၄၀၀၀၀၀ | ၇၀၀၀ |
| ဃ | ၁၀၀၀၀၀၀ | ၂၀၀၀၀ |

၁။ အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာပါ။

၂။ ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြပါ။